**ထုတ်ပြန်ကြေညာချက်– ကချင်လူမှုဖွံ့ဖြိုးရေးကွန်ယက်အဖွဲ့**
**ဩဂုတ်လ ၃၁ ၂၀၁၁ ခုနှစ်**
**အရေးပေါ်သတင်းထုတ်ပြန်ချက်**

## မြန်မာနိုင်ငံမြောက်ပိုင်းအတွင်း ပြည်တွင်းစစ်ဖြစ်ပွားနေသည့်ကြားမှ တရုတ်နိုင်ငံသည် မြစ်ဆုံရေကာတာတည်ဆောက်ရေးကို အရှိန်မြင့်လုပ်ဆောင်နေသည်

စစ်ပွဲပဋိပက္ခများ ဆက်တိုက်ဖြစ်ပွားနေသည့်ကြားမှပင် နိုင်ငံအတွင်း အကြီးမားဆုံး ရေကာတာ တည်ဆောက်ပြီးစီးရန်အတွက် ရာနှင့်ချီသည့် တရုတ်အလုပ်သမားများသည် နေ့ရော ညပါ အလုပ်ဆင်း၍ တောင်ကတုံးများဖြစ်သည်အထိ ခုတ်ထွင်ရှင်းလင်းခြင်း၊ မြောင်းများတူးဖော်ခြင်း၊ တမံတုတ်ခြင်းများကို လုပ်ဆောင်နေကြသည်။

၁၇ နှစ်ကြာ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို ချိုးဖောက်၍ ဇွန်လ ၉ ရက်နေ့တွင် မြန်မာစစ်တပ်နှင့် ကချင်လွတ်မြောက်ရေးတပ်တို့ကြား တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီးနောက် ထိုတိုက်ခိုက်မှုသည် မြို့နယ်ပေါင်း ၁၀ မြို့နယ်အတွင်းသို့ ပြန့်နှံ့ခဲ့သည်။ ထိုဒေသများအတွင်းရှိ အဓိက လမ်းကြောင်းများအပါအဝင် နေရာအတော်များများအတွင်း ဗုံးပေါက်ကွဲမှုများ ဖြစ်ပေါ်ခဲ့သည်။ မြစ်ဆုံအနီးတဝိုက်တွင်လည်း တိုက်ပွဲများ ဖြစ်ပွားခဲ့ မှုကြောင့် ဆောက်လုပ်ရေးလုပ်ငန်းတွင် လုပ်ကိုင်ကြသော တရုတ်အလုပ်သမားများ တရုတ်နိုင်ငံသို့ ပြန်ခဲ့ကြရသည်။ သို့သော် ၎င်းအလုပ်သမားများသည် ဇူလိုင်လတွင် လုပ်ငန်းခွင်သို့ ပြန်လာကြပြီး ခဏတာ ဆိုင်းငံ့ထားသော ရေကာတာ တည်ဆောက်ရေးလုပ်ငန်းများကို ပြန်လည်လုပ်ဆောင်ခဲ့ကြသည်။

မြစ်ဆုံရေကာတာ တည်ဆောက်ရေး ပထမအဆင့်ကို ယခုနှစ်အတွင်း အပြီးသတ်လုပ်ဆောင်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံ၏ အကြီးမားဆုံးရေကာတာတည်ဆောက်သည့်အဖွဲ့ဖြစ်သည့် ဆိုင်နိုဟိုက်ဒရိုကော်ပိုရေးရှင်း (Sinohydro Corporation)မှ အတည်ပြုပြောဆိုခဲ့ကြောင်းကို ဇူလိုင်လနှင့် ဩဂုတ်လအတွင်း ကုမ္ပဏီမှ သတင်းထုတ်ပြန်ခဲ့သည်။ ဒီရေကာတာကြီးဟာ ဧရာဝတီမြစ်နှင့် ၎င်းအထက်ပိုင်း မြစ်လက်တက်များတွင် တည်ဆောက်မည့်ရေကာတာ ခုနစ်ခု အနက်မှ တစ်ခုအပါဝင်ဖြစ်ပြီး နိုင်ငံခြားလျှပ်စစ်ဓါတ်အားရင်းနှီးမြှုပ်နှံမှု၏ အကြီးဆုံးစီမံကိန်းတစ်ခုဖြစ်ကြောင်းကို တရုတ်အစိုးရမှကြေငြာခဲ့သည်။

"ခက်ခဲပြင်းထန်သော မြစ်ကြီးနားတိုက်ပွဲ"ဟု အမည်ရသော ဆိုင်နိုဟိုက်ဒရို (Sinohydro Corporation) . ကြော်ငြာဗွီဒီယိုမှတ်တမ်းခွေတခုကို မေလနှောင်းပိုင်းတွင် ထုတ်ဝေဖြန့်ချီခဲ့ပြီး ထိုမှတ်တမ်းခွေထဲတွင် ယခုအချိန်အထိ မြစ်ဆုံနေရာ၌ ဖျက်ဆီးပြီးစီးပြီးသော ပမာဏနှင့် ကြီးမားကျယ်ပြန့်လှသည့် လုပ်ငန်းစီမံကိန်းအတိုင်းအတာ အသေးစိတ်ကို ထည့်သွင်းဖော်ပြ ထားသည်။ တရုတ်အင်ဂျင်နီယာများ၊ စီမံအုပ်ချုပ်သူများနှင့် ဆက်သွယ်မေးမြန်းမှုများတွင်လည်း လုပ်ငန်းစီ မံကိန်းကို နှောင့်နှေးကြန့်ကြာစေမည့် အခက်အခဲ အနှောက်အယှက်မှန်သမျှကို ကျော်လွှားသွားမည်ဟု အခိုင်အမာ ပြောဆိုသွားခဲ့သည်။

တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသောကြောင့် ယခုလက်ရှိအချိန်အထိ ကချင်မြို့ခံ ၂၀၀၀၀ ကျော်သည် ရေကာတာတည်ဆောက်ရေးနယ်မြေ တောင်ဘက်ပိုင်း ကီလိုမီတာ ၄၀ အကွာရှိ ကချင်ပြည်နယ်၏ အကြီးဆုံးမြို့တော်ဖြစ်သည့် မြစ်ကြီးနားမြို့အပါအဝင် အခြားမြို့နယ်များနှင့် တရုတ်နယ်စပ်သို့ ထွက်ပြေးတိမ်းရှောင်နေကြရသည်။ တိုက်ပွဲများ စတင်ဖြစ်ပွားချိန်မှစ၍ မြန်မာစစ်သားများမှ ကျူးလွန်ခဲ့သော မုဒိမ်းမှုပေါင်း ၃၂ မှုကိုလည်း ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ) မှ မှတ်တမ်းပြုစုထားပြီဖြစ်သည်။

"မြစ်ကြီးနားမှာရှိတဲ့ ဘုရားကျောင်းတွေမှာ ဒုက္ခသည်တွေနဲ့ပဲ ပြည့်လျှံနေတယ်၊ ဒုက္ခသည်တွေက သူတို့ အိမ်ပြန်ဖို့ကို အရမ်းစိုးရိမ်ထိတ်လန့်နေကြရတယ်။ ကျမတို့ဟာ အခုလို စစ်ပွဲကြားထဲမှာ ဖြစ်နေပေမယ့် ရေကာတာဆောက်တဲ့ တရုတ်တွေကတော့ ရေကာတာဆောက်ဖို့ကိုပဲ အရှိန်မြင့် လုပ်ဆောင်မြဲ

လုပ်နေကြတယ်”ဟု ၂၀၀၅ ခုနှစ်ကတည်းက ရေကာတာ ဆောက်လုပ်ရေးစီမံကိန်းကို စောင့်ကြည့်လေ့လာနေသော အဖွဲ့ဖြစ်သည့် ကချင်လူမှုဖွံ့ဖြိုးရေးကွန်ယက်အဖွဲ့မှ အားနန်မှ ပြောသည်။

ကြီးမားလှသည့် ရေကာတာများတည်ဆောက်မှုများမှ ဧရာဝတီကိုကာကွယ်ရန် ပန်ကြားတောင်းဆိုလှုပ်ရှားမှုကြီးအတွင်းသို့ ယခုလ အစောပိုင်းတွင်ပင် ဒေါ်အောင်ဆန်းစုကြည်လည်း ပူးပေါင်းပါဝင်ခဲ့ပြီး စွမ်းအား ၆၀၀၀ မီဂါဝပ်ရှိသော မြစ်ဆုံရေကာတာတည်ဆောက်မှုကို ပြန်လည်ဆန်းစစ်သုံးသပ်မှုပြုလုပ်ရန် တောင်းဆိုခဲ့သည်။ ဤအခြေအနေများကို တုံ့ပြန်သောအားဖြင့် မြန်မာနိုင်ငံ ပြန်ကြားရေးဝန်ကြီးမှ ‘ကျွန်တော်တို့ ဧရာဝတီကို ကာကွယ်ပါမယ်’ လို့ ပြောကြားခဲ့ပြီး မြစ်ဆုံရေကာတာကြောင့် မြစ်အောက်ပိုင်းဒေသ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးဆက်များအပေါ် လေ့လာမှုတခုကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

“ဒီလိုကတိကဝတ်တွေ ပေးထားတဲ့ကြားက မြန်မာစစ်အစိုးရဟာ ကျမတို့ရဲ့ အရေးပါလှတဲ့ မြစ်ကြီးကို တရုတ်လက်ထဲကို ဝကွက်အပ်နေတယ်” ဟု (KNDG) မှ အားနန်မှ ပြောခဲ့သည်။ “ဧရာဝတီမြစ်ကို အမှီပြုပြီး မှီတင်းနေထိုင်ကြတဲ့ သန်းပေါင်းများစွာသော ပြည်သူတွေအတွက် ဒီဧရာဝတီမြစ်ကို ကျမတို့ ကာကွယ်ရမယ်”

တရုတ်နိုင်ငံ၏ အကြီးမားဆုံး အခြားလျှပ်စစ်ဓာတ်ထုတ်လုပ်ရေးအဖွဲ့ဖြစ်သည့် တရုတ်နိုင်ငံလျှပ်စစ်ဓာတ်အားရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်း (ယွမ်)မှ စီမံကိန်းကြီး၏ စီမံအုပ်ချုပ်ရေးပိုင်းကို အဓိက ဦးစီးပြီး ဆိုင်နိုဟိုက်ဒရို ကုမ္ပဏီ၏ ဌာန ၁၁ သည် မြစ်ဆုံရေကာတာ တည်ဆောက်ရေး ပထမအဆင့်ကို လုပ်ဆောင်လျက်ရှိသည်။

ဆက်သွယ်ရန်– အားနန်
ဖုန်းနံပါတ် – (၆၆)၈၄၈၈၅၄၁၅၄
အီးမေးလ် – kdngchn@gmail.com

အင်္ဂလိပ်၊ မြန်မာစာတမ်းပါ “ခက်ခဲပြင်းထန်သော မြစ်ကြီးနားတိုက်ပွဲ”အမည်ရှိ ဆိုင်နိုဟိုက်ဒရို၏ ဗွီဒီယိုမှတ်တမ်းနှင့် ဆိုင်နိုဟိုက်ဒရို၏ နောက်ဆုံးရ သတင်းများကို ကြည့်ရှုလိုပါက www.kdng.org တွင် သွားရောက် ကြည့်ရှုနိုင်သည်။